# ကျုံလမုလေးအိမ်တန်းကျေးရွာ

# စပါးရိုကျေးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

(၂၀၂၃-၂၀၂၈)

**ပြုစုရေးဆွဲသူ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

စပါးရိုကျေးရွာအုပ်စု၊ ကျုံလမုလေးအိမ်တန်းကျေးရွာ၊ ဝါးခယ်မမြို့နယ်

**( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**

**ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်။)**

၂၀၂၃ခုနှစ်၊ ဇူလိုင်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျုံလမုလေးအိမ်တန်းကျေးရွာသယံဇာတပြမြေပုံ၊ဝါးခယ်မမြို့နယ်** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မရေးရာဆိုင်ရာကိစ္စ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား | |
| | နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော စပါးရိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာ ပြည်သူများနှင့် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါ သည်။ ကျွန်ုပ်တို့ ကျုံလမုလေးအိမ်တန်းကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာ စွာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများတွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံ ကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဆိုပါက မလွဲကေန်တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်း များစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက် နောင် များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည်ဖြစ်ပါကြောင်း ယုံကြည် မိပါသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေ စသည့် အသေးစိတ်အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် ကျုံလမု လေးအိမ်တန်း ကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ် ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျုံလမုလေးအိမ်တန်းကျေးရွာ
စပါးရိုကျေးရွာအုပ်စု
ဝါးခယ်မမြို့နယ်

ရက်စွဲ၊၂၀၂၃ခုနှစ်၊ ဇူလိုင်လ ရက်

# ကျုံလမုလေးအိမ်တန်းကျေးရွာ၊ သယံဇာတပြမြေပုံ



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီးမံကိန်း၊ ကျုံလမုလေးအိမ်တန်းကျေးရွာ

## Venn Diagram



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီးမံကိန်း၊ကျုံလမုလေးအိမ်တန်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| အလုပ်အကိုင် | ရေပ် | ကျပန်း | ကျပန်း | စပါး | စပါး | စပါး | ပဲ | ပဲ | ပဲ | ရေပ် | ရေပ် | ရေပ် |
| လက်လုပ်လက်စား မိသားစုဝင်ငွေရရှိမှု (မရှိ၊နည်း၊များ) | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ | များ |
| အသုံးစရိတ် | လတ် | လတ် | လတ် | နိမ့် | နိမ့် | နိမ့် | လတ် | လတ် | မြင့် | မြင့် | မြင့် | မြင့် |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ဝမ်းစာဖူလုံမှု | ရှိ | ရှိ | သင့် | ခက်ခဲ | ခက်ခဲ | ခက်ခဲ | ခက်ခဲ | သင့် | ရှိ | ရှိ | ရှိ | ရှိ |
| သဘာဝအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ပွဲတော် | သင်္ကြန် | ညောင်ရေ | | ဝါဆိုပွဲ | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | ထမနဲ | |
| ကျန်းမာရေးအခြေနေ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် |
| တိရိစ္ဆာန်အစာရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| တိရိစ္ဆာန်ရောဂါကျမှု | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် | နိမ့် |
| သီးနှံပိုးမွှားရောဂါကျမှု | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ | နည်း |
| သောက်သုံးရေဖူလုံမှု |  |  |  |  |  |  |  |  |  |  |  |  |

## (၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ဝါးခယ်မမြို့သည်ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြခရိုင် အတွင်းတွင်တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၅၉.၅၂) ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး မြောင်းမြမြို့နယ် ၊ အိမ်မဲမြို့နယ်၊ ပန်းတနော်မြို့နယ် ၊ မအူပင်မြို့နယ် ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာမြို့နယ်များနှင့် နယ်နိမိတ်ခြင်းထိစပ်လျှက်ရှိပါသည်။ဝါးခယ်မမြို့နယ်တွင် မြို့(၂)မြို့ရှိပြီး ဝါးခယ်မမြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက် ၊ ကျုံမငေးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက် စုစုပေါင်း(၁၉)ရပ်ကွက်ရှိပါသည်။ ကျေးရွာ အုပ်စု (၁၂၅) အုပ်စု ၊ ကျေးရွာပေါင်း(၅၈၀)ရွာရှိပါသည်။မြေပြန့်ချိုင့်ဝှမ်း၊မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိ ပါသည်။

ကျုံလမုလေးအိမ်တန်းကျေးရွာသည် ဝါးခယ်မမြို့၏ အရှေ့မြောက်ဘက်တွင်တည်ရှိ၍ စပါးရိုကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဝါးခယ်မမြို့ နှင့် (၂၆) မိုင်ခန့်ကွာဝေးပြီး ရေလမ်း၊ကုန်းလမ်း ဖြင့်သွားလာပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ (ညောင်ငူ၊ စပ်ထုံး၊ဘွတ်တန်း) အစရှိသည့် ကျေးရွာအုပ်စုများဖြစ်ပြီး ဝါးခယ်မမြို့နယ်နှင့် အလှမ်းကွာဝေး ပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ဝါးခယ်မမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ်မှ ၁၆ဒီဂရီ ၅၀ မိနစ်ကြား၊ အရှေ့လောင်ဂျီကျု၉၅ဒီဂရီ၀၁မိနစ်မှ ၉၅ဒီဂရီ ၃၀မိနစ်ကြားတွင် တည်ရှိပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇွန်လ၊ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်း မှာ ပြန့်မလောမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေစသည်ဖြင့် အသုံးပြုနိုင်ပြီးသဘော်၊ စက်လှေများလည်းသွားလာနိုင်သောမြစ်များဖြစ်ပါသည်။ ကျုံလမုလေးအိမ်တန်း ကျေးရွာတွင်လယ်မြေ (၅၈၄)ကေ၊ ဥယျာဉ်ခြံမြေ(၁၃၁)ကေ စုစုပေါင်းမြေ (၇၁၅) ကေရှိပါသည်။ ကျေးရွာတွင်မိုးစပါး၊ နွေစပါးကိုအဓိကစိုက်ပျိုးကြပြီး၊ ရာသီအလိုက်အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရသောအဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး ကျေးရွာရှိပြည်သူများစုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေး လုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် လည်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ သာရေး / နာရေး ၊ ပညာရေး ၊ ဖွံ့ဖြိုးရေး ၊ မီးဘေး ၊ အမျိုးသမီးရေးရာနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများဖွဲ့စည်းထားရှိပြီးအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျုံလမုလေးအိမ်တန်းကျေးရွာတွင် လယ်မြေဧက ၂.၅ ဧက အောက် ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူ(၄၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ်(၅၆)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားပိုင်ဆိုင်သော တောင်သူလတ်(၄၇)အိမ်ထောင်စု ၁၂.၅ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီး (၁၀) အိမ်ထောင်စုရှိကြပြီး လယ်မြေ နှင့် ဥယျာဉ်ခြံမြေဧက ပိုင်ဆိုင်သော တောင်သူ လယ်သမားအိမ်ထောင်စုများသည် အများအားဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင် ကြပြီး စပါးနှင့်အခြားရာသီပေါ်သီးနှံများကိုစိုက်ပျိုးထုတ်လုပ်ကြပါသည်။ စိုက်ပျိုးထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော လယ်သမားများနှင့် လုပ်သားများနေထိုင်ရာကျေးရွာ ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှုနှင့်သက်ဆိုင်သောသဘာဝအရင်းအမြစ်များ ပေါများသည့် အလျောက် အကျိုးအမြတ် များပိုမိုဖြစ်ထွန်းရန်အတွက် အကျိုးအမြတ်ပိုမိုရရှိရေး ရာသီဥတုမရွေး စိုက်ပျိုးနိုင်သည့် အထွက်နှုန်းတိုးသောစပါးမျိုးကောင်း မျိုးသန့်ရရှိရေး ဈေးကွက်အတွင်း အဆင့်မှ ရောင်းချနိုင်သည်အထိ တိုးတက်ထုတ် လုပ်နိုင်သည့် နည်းလမ်းများကိုရှာဖွေ အားထုတ်ရမည် ဖြစ်ပါသည်။ လယ်ယာ/ဥယျာဉ်ခြံစိုက်ပျိုးရေး လုပ်ကိုင်သူများမှာ ကိုယ်ပိုင်စိုက်ပျိုးရေးသုံး ကိရိယာများအနေဖြင့် ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ခြွေလှေ့စက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။

ကျုံလမုလေးအိမ်တန်း ကျေးရွာသည် ဝါးခယ်မမြို့နယ်နှင့် အလှမ်းဝေးကွာပြီး စိုက်ပျိုး ထုတ်လုပ်ရေးအတွက်ဝန်ဆောင်မှုများ ရရှိရန်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများ လွယ်ကူစွာရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျုံလမုလေးအိမ်တန်း ကျေးရွာတွင်တစ်ပိုင်တစ်နိုင်မွေးမြူရေးအဖြစ် နွားမွေးမြူသည့် အိမ်ထောင်စု (၃)အိမ်ရှိပြီး နွားကောင်ရေ(၃)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၂၀၉)အိမ်ရှိပြီး ကြက်ကောင်ရေ (၈၆၈)ကောင်၊ဘဲမွေးမြူသည့်အိမ်ထောင်စု(၅၀)အိမ်ရှိပြီးဘဲကောင်ရေ(၁၉၈)ကောင်နှင့် ဝက်မွေးမြူသည့် အိမ်ထောင်စု(၁၄)အိမ်ရှိပြီး ဝက်ကောင်ရေ(၁၅)ကောင်မွေးမြူကြပါသည်။ ကျေးရွာ၌ ငါးမွေးမြူရေး လုပ်ငန်းနှင့်ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်မွေးမြူရေး လုပ်ငန်းများအတွက် နည်းပညာနှင့် ရောဂါ ကာကွယ်ရေး၊ ကုသရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်း များကိုတွင်ကျယ်စွာလုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျုံလမုလေးအိမ်တန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ ပန်းရံ၊ စက်ချုပ်၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်း ၊ အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များ

တွင်ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန်နေကြပြီး နည်းပညာ နှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများ ရှိနေပါသည်။ လုပ်ငန်းနှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေဝယ်ယူ၍ စပါးပို့လိုခြင်း၊ ခေါင်းရွက် ဈက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ ( ဆံပင်ညှပ်၊ ဆိုင်ကယ်ပြင် )လုပ်ကိုင်လိုကြပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျုံလမုလေးအိမ်တန်းကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကို သာထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀/-)ကျပ်နှုန်း ထုတ်ချေး ပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ကေမှာ (၁၀) ကေ အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀/-) သိန်းဖြစ်ပါသည်။ အတိုးနှုန်းမှာ (၀.၆၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ(၇)လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ကေကုန်ကျစရိတ်မှာ(၂)သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည်လုပ်ငန်း လုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ကျုံလမုလေးအိမ်တန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာ များ တွင်ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ စိုက်ပျိုးရေး တောင်သူများ အတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သောငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ ကျေးရွာသားများ လိုအပ်သောချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျုံလမုလေးအိမ်တန်းကျေးရွာသည်ဝါးခယ်မမြို့၏ အရှေ့ဘက်တွင်တည်ရှိပြီး ဝါးခယ်မမြို့နှင့်(၂၆) မိုင်ခန့် ကွာဝေးပါသည်။ဝါးခယ်မမြို့သို့ ကုန်းလမ်း၊ ရေလမ်းဖြင့် သွားလာကြပါသည်။ ကျေးရွာမှာ ဝါးခယ်မမြို့နယ်နှင့်အနည်းငယ်အလှမ်းဝေးကွာသော်လည်း ကုန်စည်စီးဆင်းမှု အဆင်ပြေပါသည်။ ကျေးရွာရှိ လမ်းများမှာ မြေသားလမ်း အမျိုးအစားများဖြစ်ပြီး ရာသီမရွေးသွားလာကြပါသည်။ ပို့ဆောင်ဆက်သွယ်ယာဉ်များအဖြစ်စက်လှေ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီတို့ကို အသုံးပြုကြပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျုံလမုလေးအိမ်တန်းကျေးရွာနေအိမ်ထောင်စုများမှာ ဆိုလာ၊ ဒီဇယ်အင်ဂျင်၊ ဖယောင်းတိုင်၊ ဘတ္တရီတို့ဖြင့်မီးအသုံးပြုကြပါသည်။ ကိုယ်ပိုင်ဒီဇယ်အင်ဂျင်နှင့်အငှား မီးသုံးစွဲကြသောအိမ်ထောင်စု အချို့ရှိပြီး ကျေးရွာ နေပြည်သူအများစုမှာ မီးလင်းရေးအတွက် ဘတ္တရီငှားရမ်းအသုံးပြုမှု၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။

## (၈) သတင်းနှင့်ဆက်သွယ်ရေး

ကျုံလမုလေးအိမ်တန်းကျေးရွာတွင် မုန်တိုင်းသတင်း၊ လျှောင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်း ဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့် နည်းပညာရရှိကြပါသည်။

## (၆) ပညာရေး

ကျုံလမုလေးအိမ်တန်းကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် အခြားနီးစပ်ရာကျေးရှိ ကျောင်းသို့သွားရောက်၍ ပညာသင်ယူရပါသည်။ အတန်းပညာ ပြီးမြောက်မှုမှာ မူလတန်းပညာပြီးဆုံးသူ (၄၆၁)ဦး၊ အလယ်တန်းပညာပြီးဆုံးသူ(၂၃၀)ဦး၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူ(၁၂၈)ဦး ရှိပါသည်။ ကျောင်းတက်နှုန်းမှာ မူလတန်းကျောင်းနေသူ(၇၀)ဦး၊ အလယ်တန်းကျောင်းနေသူ(၉၁)ဦး၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းနေသူ(၄၃)ဦးရှိပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း(၈၉၄)ဦးရှိသည့် အနက် စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၉၈%)ခန့် ရှိပါသည်။

## (၇) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျုံလမုလေးအိမ်တန်းကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် နီးစပ်ရာဆေးပေးခန်း များနှင့် ဝါးခယ်မမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြရပြီး ကျေးရွာအတွင်းဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချို၊ ငှက်ဖျား၊ အသည်းရောဂါ(ဘီ၊စီ)စသည့် ရောဂါများ အနည်းငယ် ဖြစ်ပွားလေ့ရှိပါသည်။

ကျေးရွာအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေးများ ဆောင် ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများအနေဖြင့် မြစ်/ချောင်းရေကိုသာ အဓိက ထား အသုံးပြု ကြပါသည်။ အိမ်ထောင်စုအချို့မှာ ချောင်းရေကိုသာ ရယူ သုံးစွဲကြပါသည်။ စိုက်ပျိုးရေအဖြစ် မြစ်/ချောင်း ရေကို ရာသီမရွေး သုံးစွဲနိုင်ပါသည်။ ကျုံလမုလေးအိမ်တန်းကျေးရွာ၌ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာ သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု ပေါင်း (၂၅၂) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံ အိမ်သာကိုအများဆုံး အသုံးပြုကြပြီး ရေလောင်း/ယင်လုံအိမ်သာအသုံးမပြုနိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှု အသိပညာလိုအပ်ပါသည်။

## (၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျုံလမုလေးအိမ်တန်းကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့်မိုးဦးကာလတွင် မုန်တိုင်းကျ ရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ်ဖြစ်ပေါ်တတ်ပြီး လျှောင်လှုပ်ခြင်းလည်း ရံဖန်ရံခါဖြစ်ပေါ် တတ်ပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်းအချက်အလက် များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ်ထားရှိပါသည်။

**(စ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကျုံလမုလေးအိမ်တန်းကျေးရွာတွင် လူဦးရေ(၁၀၅၇)ဦးရှိသည့်အနက် အမျိုးသားဦးရေ(၅၂၇)ဦးနှင့် အမျိုးသမီးဦးရေ(၅၃၀)ဦးဖြစ်ပါသည်။ ကျား၊မလူဦးရေရာခိုင်နှုန်းမှာ ကျား(၄၉%)၊ မ(၅၀%) ကျေးရွာတွင် ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၇၀၀၀) နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၆၀၀၀)နှုန်းခန့် ရရှိပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ချိန်တွင် နေ့စားအမျိုးသားတစ်ဦးလျှင် (၇၀၀၀) နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၆၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမား နှင့်ပန်းရံ နေ့စားအမျိုးသား/သမီးတစ်ဦးလျှင် (၁၁၀၀၀-၇၀၀၀)နှုန်းခန့် ရရှိကြပါသည်။လက်လီလက်ကားရောင်းဝယ်ရာတွင် နေ့စားအမျိုးသား/သမီးတစ်ဦးလျှင် (၇၀၀၀-၆၀၀၀) နှုန်းခန့် ရရှိပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသောအဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ အဖွဲ့၊ မီးသတ် အဖွဲ့နှင့်အခြားအဖွဲ့အစည်းများရှိပြီး ရပ်ရေးရွာရေးကိစ္စများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြ ပါသည်။

## ကျေးရွာဦးစားပေးစီမံချက်များ

ဝါးခယ်မမြို့နယ်

ကျုံလမုလေးအိမ်တန်းကျေးရွာ

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည် | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းစီမံချက်(ကျုံလမု) | ၁၀၀ | ၁ |
| ၂ | လေးအိမ်တန်းချောင်းကူးတံတားရရှိရေးစီမံချက်(အောင်ထွန်း) | ၈၆ | ၂ |
| ၃ | ကျုံလမု-လေးအိမ်တန်းတံတားမွမ်းမံခြင်းလုပ်ငန်းစီမံချက် | ၆၂ | ၃ |
| ၄ | ရေသန့်စင်စက်ရရှိရေးစီမံချက် | ၅၅ | ၄ |
| ၅ | လျှပ်စစ်မီးလင်းရေးလုပ်ငန်းစီမံချက် | ၄၄ | ၅ |

ဝါးခယ်မမြို့နယ် စပါးရိုကျေးရွာအုပ်စု၊ ကျုံလမုလေးအိမ်တန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှဝင်း | ဦးထွန်းရှိန် | ၁၄/ဝခမ(နိုင်)ဂ၅၂၆၃၇ | ၆၀ | ဥက္ကဌ | ၀၉-၇၆၅၁၈၉၉၅၄ |
| ၂ | ဒေါ်မြင့်မြင့်ငြိမ်း | ဦးမြသောင်း | ၁၄/ဝခမ(နိုင်)၂၁၃၁၁၄ | ၅၃ | အတွင်းရေးမှူး | ၀၉-၇၄၀၉၁၈၆၅၀ |
| ၃ | ဦးကျော်လွင်ဦး | ဦးကျော်မြင့် | ၁၄/ဝခမ(နိုင်)၁၂၇၂၆၂ | ၅၀ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၁၅၉၄၅၉၅ |
| ၄ | ဦးစိုးထက်အောင် | ဦးပြည်အေး | ၁၄/ဝခမ(နိုင်)၂၆၅၉၃၆ | ၃၂ | စာရင်းကိုင် | ၀၉-၇၆၈၆၆၉၂၉၁၈ |
| ၅ | ဒေါ်သဲမာလင်း | ဦးစံညွန့် | ၁၄/ဝခမ(နိုင်)၂၄၂၉၉၇ | ၃၁ | အဖွဲ့ဝင် | ၀၉-၇၈၅၃၁၄၃၇၄ |
| ၆ | ဦးကျော်စွာမင်း | ဦးမြင့်သိန်း | ၁၄/ဝခမ(နိုင်)၃၀၅၂၈၂ | ၃၆ | အဖွဲ့ဝင် | ၀၉- |
| ၇ | ဒေါ်ဖြိုးအိစံ | ဦးဆန်းဦး | ၁၄/ဝခမ(နိုင်)၂၅၅၅၂၈ | ၃၅ | အဖွဲ့ဝင် | ၀၉-၇၅၀၁၄၄၉၅၈ |
| ၈ | ဒေါ်ရှုင်းနန္ဒာ | ဦးဝင်းရွှေ | ၁၄/ဝခမ(နိုင်) | ၂၁ | အဖွဲ့ဝင် | ၀၉-၇၈၃၉၇၀၃၃၇ |
| ၉ | ဦးသန်းနိုင်ဦး | ဦးစံရှိန် | ၁၄/ဝခမ(နိုင်)၂၃၀၂၇၁ | ၅၂ | ဝယ်ယူရေးဆပ်ဥက္ကဌ | ၀၉-၇၇၇၂၃၇၁၃၀ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၅ | ၅ | ၂၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃၂ | ၁၅ | ၄၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၄၁ | ၇၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၃၂ | ၆၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၈ | ၄၁၀ | ၈၀၈ | | |
| ၆၅ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၂၇ | ၅၀ | | |
| **စုစုပေါင်း** | | **၅၂၇** | **၅၃၀** | **၁၀၅၇** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၅၂** | | | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်** (၁) **နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်** (၁) **နှစ်ပြည့်အရွယ်မှ** (၅) **နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက်**(၅) **နှစ်ပြည့်သည်မှအသက်** (၁၀) **နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်** (၁၀) **နှစ်ပြည့်သည်မှအသက်** (၁၅) **နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်** (၁၅)**နှစ်ပြည့်သည်မှအသက်** (၆၅) **နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက်** (၆၅) **နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျုံလမုလေးအိမ်တန်းကျေးရွာတွင် နို့စို့အရွယ်(၂၀)ဦး၊ (၅)နှစ်အောက် ကလေးငယ် (၄၇)ဦး၊ မူလတန်းကျောင်းသားအရွယ်(၇၂)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၆၀)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၈၀၈)ဦးနှင့်သက်ကြီးရွယ်ကြီး(၅၀)ဦး စုစုပေါင်း(၁၀၅၇)ဦးရှိပြီး ကျားမအချိုးမှာ ညီမျှပါသည်။ ကျေးရွာတွင် သက်ကြီးရွယ်အိုများအတွက် ကူညီစောင့်ရှောက်မှုများ ရှိပါသည်။ အလုပ်လုပ်နိုင်သော ဦးရေမှာ များပြားသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၀ | ၇၀ | ၃၀ | ၄၀ | ၃၀ | ၃၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၅၀ | ၉ | ၄၀ | ၁၅ | ၃၈ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၅ | ၅၀ | | ၃၅ | ၆ | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | | ၃ | ၂ | ၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅ | ၃၀ | | ၂၀ | ၅ | ၅ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၀ | | ၈ | ၂ | ၇ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐လတ်☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၅၁ | ၄၉ | | ၃၀ | ၁၀ | ၂၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၅၂ | ၂၆၆ | ၃၉ | ၁၇၆ | ၇၂ | ၁၁၀ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား /ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျုံလမုလေးအိမ်တန်းကျေးရွာသည် စိုက်ပျိုးကဏ္ဍသာ အဓိကထားလုပ်ကိုင်ကြပါသည်။လယ်ယာမြေမရှိသူများမှာ လယ်ယာမြေပိုင်ရှိသူများထံမှ ငှားရမ်းလုပ်ကိုင်ခြင်း၊ ဈေးရောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်းနှင့် အခြားကျပန်းလုပ်ငန်းများလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပြီး ရပ်တည်နိုင်မှုမှာ အသင့်အတင့်သာ ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေးမြူ ခြင်း) | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×**၈**)

**လေ့လာတွေ့ရှိချက်။ ။** ကျုံလမုလေးအိမ်တန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက လုပ်ဆောင်ကြပြီးအမျိုးသားများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၇၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့ လုပ်အားခမှာ(၆၀၀၀)ကျပ်နှင့်အမျိုးသမီးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၆၀၀၀)ကျပ်ဖြစ်၍ အနည်း ဆုံးတစ်နေ့လုပ်အားခမှာ(၄၀၀၀)ကျပ်ဖြစ်ပါသည်။ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ နေ့စားများအတွက် အမျိုးသားများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ(၁၁၀၀၀)ကျပ်နှင့် အနည်းဆုံးတစ်နေ့ လုပ်အားခမှာ (၁၀၀၀၀)ကျပ်ဖြစ်ပါသည်။လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ကိုင်ရဦတွင် အမျိုးသမီးများ၏ အများဆုံး တစ်နေ့လုပ်အားခမှာ(၆၀၀၀)ကျပ်နှင့် အနည်းဆုံး တစ်နေ့လုပ်အားခမှာ(၅၀၀၀)ကျပ်ဖြစ်ပါသည်။ အမျိုးသား များ၏လုပ်အားခနှင့် အမျိုးသမီးများ၏ လုပ်အားခမှာ အနည်းငယ်ကွာဟမှုရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၈၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၃၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၇၁၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျုံလမုလေးအိမ်တန်းကျေးရွာတွင်လယ်မြေ(၅၈၄)ဧက၊ ဥယျာဉ်ခြံမြေ(၁၃၁)ဧကနှင့် စုစုပေါင်း(၇၁၅)ဧကရှိပြီးစပါးစိုက်ပျိုးခြင်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေအနည်းငယ်ရှိပြီး ရာသီပေါ်သီးနှံများကို စိုက်ပျိုးကြကြောင်းလေ့လာတွေ့ရှိ ရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာ၀ရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာ၀ရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် | များ ☐ သင့်☐ နည်း | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **ကိသယံဇာတများ (ခတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | ☐ မရှိ ☑ | အသုံးမပြုနိုင်ပါ ☑ | အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း** -
**ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ။ကျုံလမုလေးအိမ်တန်းကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင်ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမရှိပါ။သဘာဝဆေးဘက်ဝင်အပင်များ၊တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိသော်လည်း

အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) င့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | **၁၀** | **၁၇၅** | **၆၂** | **၂၅** |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာ၏ဥစ္စာဓနအဆင့်အခြေအနေဖြင့် အဆင်ပြေသော အိမ်ထောင်စုနှင့်အသင့်အတင့်ရှိသောအိမ်ထောင်စုများမှာ ကျေးရွာအိမ်ထောင်စု၏ (၅၀)ရာခိုင်နှုန်းခန့်ရှိပြီး လယ်ယာမြေအများစုကိုပိုင်ဆိုင်ကြပါသည်။ အဆင်မပြေသော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စု များမှာ အခြားကျပန်းလုပ်ငန်းများလုပ်ကိုင်ကြပြီး အလုပ်အကိုင်နှင့်အခွင့်အလမ်းနည်းပါးကြကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၆ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =၃<br>လုပ်အားခကြိုယူ =၃ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၁၄ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၉<br>လုပ်အားခကြိုယူ =၅ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

**ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄"အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများမှာ အကြွေးတင်ရှိမှုရှိပြီး ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းနှင့် အထောက်အပံ့ယူခြင်းတို့ဖြင့် မိသားစု စားဝတ်နေရေး အတွက် ဖြေရှင်းကြရပါသည်။ ကျေးရွာတွင်တစ်ဦးနှင့်တစ်ဦးဝိုင်းဝန်းကူညီ စောင့်ရှောက်ကြသဖြင့် ဝမ်းစာဖူလုံမှု အတွက် ဆိုးဆိုးရွားရွားအခြေအနေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂၀ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| **ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု** | ၄ | | |
| **အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု** | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ကျုံလမုလေးအိမ်တန်းကျေးရွာတွင် သက်ကြီးရွယ်အို ၆၄နှစ် နှင့်အထက် လူကြီးများ ရှိသော်လည်း မိသားစုစောင့်ရှောက်မှုရှိကြပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု(၂၀)ရှိပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ အခြားဒေသများသို့ပြောင်းရွှေ့လုပ်ကိုင်ကြပြီး မိမိတို့ကျေးရွာအတွင်း၌လည်း အခြားဝင်ငွေရလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်နေကြကြောင်း တွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမိ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | ✓ | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
